မော်ဟဲကျေးရွာ

မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆- ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မော်ဟဲကျေးရွာ၊ မိုးညှင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


**မာတိကာ** ၁

**စကားချီး** ၄

**မော်ဟဲကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်** ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၅

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၇

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၉
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၈

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ** ၃၄
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၄
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၄

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၉

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

**ကိုးကားစာရင်း** ၇၅

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၆

**စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ** ၇၆

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသားများပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်း ကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက် များပါ ဝင်သည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မော်ဟဲကျေးရွာ
မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်

## မော်ဟဲကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်




ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများကိုယ်တိုင် တစ်အိမ်တက်ဆင်း စစ်တမ်းကောက်ယူ၍ ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊ စက်တင်ဘာလ၊ ၂၀၁၅နှစ်)

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာ ကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိ နိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့် ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏

စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦး စားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး

ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဉတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

မော်ဟဲရွာသည် မိုးညှင်းမြို့နှင့် ( ၁၈ ) မိုင်ခန့်တွင်ရှိသော ရွာတစ်ရွာဖြစ်သည်။ သစ်တောကြိုးဝိုင်းတွင်ရှိပြီး ရွာမြေမျက်နှာသွင်ပြင်သည် အနည်းငယ်မြင့်သည်။ ၂၀၁၅ခုနှစ် မိုးရေချိန်မှတ်တမ်းအရ ဒေသ၏တစ်နှစ်ရွာသော ပျမ်းမျှမိုးရေချိန်မှာ (၇၀.၆၂)လက်မရှိသည်။ မိုးရွာသွန်းသောရက်ပေါင်း (၁၀၉)ရက်ရှိသည်။ ရွာအရှေ့ဘက်တွင် သစ်တောကြိုးဝိုင်းနှင့် အနောက်ဘက်တွင် လယ်ယာမြေများရှိသည်။ မန္တလေး - မြစ်ကြီးနား ရထားလမ်းနှင့် မန္တလေး - မြစ်ကြီးနား ကားလမ်းဘေးတွင် ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

လယ်မြေတိုးချဲ့ရန်မြေမရှိတော့ပါ။ အရွာအနီးရှိနမ့်ပင့်ချောင်းတွင် ရွှေအနည်းငယ် ကျင်နိုင်သည်။ ရွာနဘေးချောင်းမှ ရွှေတူးခြင်းလုပ်ငန်းကို နှစ်ပေါင်း ကြာရှည်စွာ လုပ်ကိုင်ခဲ့ ကြသဖြင့် ရေလမ်းကြောင်းလွဲကာကမ်းပါးများ ရေတိုက်စား၍ပြိုခြင်း၊ ကမ်းနားလယ်များ ပျက်ဆီးဆုံးရခြင်းနှင့် သဘာဝပါတ်ဝန်းကျင် ပျက်ဆီးဆုံးရှုံးမှုကြုံတွေ့နေရပါသည်။ သစ်တောမှ သဘာဝတောရိုင်းတိရိစ္ဆာန်များ တောဝက်၊ မျောက်၊ ခွေးတူဝက်တူ၊ တောကျွဲ၊ ဖြူ၊ ဝံ၊ ဝက်ဝံ၊ ဂျီမနိုင်၊ မြွေပါ၊ ကျီ၊ ယုန်၊ ဆတ်၊ တောကြောင်၊ တောခွေး၊ သင်းခွေချပ်၊ ရရှိနိုင်ပါသေးသည်။ ဆေးဘက်ဝင်အနေဖြင့် ဆင်တုံးမနွယ်၊ တောရှောက်မြစ်၊ ဆေးမြင်းခွာ၊ ဆေးမခန်း၊ ဆေးပုလဲ၊ ဝံအူမြစ်၊ ကျွဲကောနွယ်၊ ဂုံခါး၊ တပင်တိုင်မြနန်း၊ လင်းနေစုန်း၊ ဇာတီဖွဲလ်၊ ဆင်မနို့ရည်နွယ် စသည်တို့ရှိပါသည်။ အထိန်းအကွပ်မရှိ သစ်ခုတ်ကြခြင်းတို့ကြောင့် သစ်တောများနှင့် သဘာဝပေါက်ပင်များ၊ ရေအရင်းအမြစ်များ ပျက်ဆီးကာ အပူချိန်လွန်ကဲခြင်း၊ စိုက်ပျိုးရေမရရှိခြင်းနှင့် သောက်သုံးရေရှားပါးခြင်းတို့ ဖြစ်နေပါသည်။

## ၃။ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်လက်များ

မော်ဟဲရွာတွင် စုစုပေါင်းအိမ်ခြေ (၁၀၂)အိမ်နှင့် လူဦးရေ (၅၆၇)ဦးရှိပြီး၊ လုပ်သားအင်းအား (၆၄) ရာခိုင်နှုန်းတွင် ကျား(၁၇၈)၊ မ(၁၈၂)ရှိသည်။ လယ်ယာစိုက်ပျိုးရေးကို အိမ်ထောင်စု (၃၁)ရာခိုင်နှုန်းကလုပ်ကိုင်ပြီး၊ လယ်ယာကျပန်းအလုပ်ကို (၆၅)ရာခိုင်နှုန်းက လုပ် ကိုင်ကြသည်။ ကျန်အိမ်ထောင်စုများမှာ စားသောက်ဆိုင်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စပါးကို အဓိကစိုက်ပျိုးကြသည်။ ကုန်စည်ဒိုင်များမရှိသဖြင့် ကုန်သည်ပွဲစားများ၏ ဆိုဈေးဖြင့်သာရောင်းကြရ၍ တောင်သူများမှာ အမြတ်ငွေနည်းပါးစွာသာ ရရှိကြသည်။ ပုံမှန် ဝင်ငွေရလုပ်ငန်းများမရှိခြင်းကြောင့် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအချို့သည် ရွှေမော်၊ ကျောက်မော်သို့ ရွှေ့ပြောင်း၍ အလုပ်လုပ်ကိုင်ကြသည်။ လယ်မြေမဲ့သော အိမ်ထောင်စု (၄၈)အိမ်၏ ဝမ်းစာအခက်အခဲကို ဖြေရှင်းသည့်အခြေအနေများသိရှိရန် မေးမြန်းခဲ့ရာ ကျပန်းလုပ်ကိုင်ခြင်းဖြင့် အဓိကအသက်မွေးကြသည်။ အဆင်းရဲဆုံးမိသားစုများသည် နေ့စားလိုက်ခြင်း၊ ကြုံရာအလုပ်လုပ်ခြင်းဖြင့် ဝင်ငွေရှာသည်။ အလုပ်ပြတ်လပ်၍ ဝမ်းစာဖူလုံမှု မရှိပါက ငွေချေးသူများထံနှင့် ဆွေမျိုးများထံတွင် ချေးယူစားသုံးကြပါသည်။ လုပ်အားကြိုရောင်းခြင်း၊ စပါးစိမ်းကိုကြိုတင် ရောင်းခြင်းဖြင့်လည်း ဖြေရှင်းပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာ အိမ်ထောင်စု၏ (၃၁)ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။ အိမ်ထောင်စုများ၏ လယ်မြေပိုင်ဆိုင်မှုနှင့် ဉစ္စာခေနခွဲခြားမှုအရ အဆင်ပြေသော အိမ်ထောင်စု (၃)စုသည် လယ်(၁၀)ဧက ပိုင်ဆိုင်သည်။ အလယ်အလတ်ရှိသောအိမ်ထောင်စု (၁၈)စုသည် လယ်(၁၀)ဧကအောက် ပိုင်ဆိုင်သည်။ အဆင်ပြေသောအိမ်ထောင်စုနှင့် အလယ်အလတ်အိမ်ထောင်စုများတွင် လူနေမှုအဆင့်အတန်းနှင့် ပိုင်ဆိုင်မှုများ ကွာဟမှုမရှိလှပေ။ ဆင်းရဲသော အိမ်ထောင်စု (၃၃)စုသည် လယ်(၅)ဧကအောက် ပိုင်ဆိုင်သည်။ အလွန်ဆင်းရဲသော အိမ်ထောင်စု (၄၈)စုသည် လယ်မဲ့ယာမဲ့များ ဖြစ်ကြသည်။

ရွာအတွင်းနှင့် ရွာအနီးတဝိုက်တွင် မူးယစ်ဆေးဝါးကို အလွယ်တကူ ရရှိနေခြင်းကြောင့် လူငယ်အများစုမှာ မူးယစ်ဆေးဝါးခြိမ်းခြောက်မှုကို ခံစားနေကြရသည်။ ကျပန်းအလုပ်ဖြင့် အသက်မွေးကြသော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည် ဘဝလုံခြုံမှုမရှိခြင်း၊ ဝမ်းစာဖူလုံမှုမရှိခြင်း၊ ပုံမှန်ဝင်ငွေရအလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းတို့ကြောင့် ထိခိုက်လွယ်သောသူများဖြစ်သည်။

လုံခြုံစိတ်ချမှုမရှိသောအရပ်ဒေသများသို့ အလုပ်သွားရောက်လုပ်ကိုင်ကြသဖြင့် ငှက်ဖျားရောဂါနှင့်အခြားကူးစက်ရောဂါများဖြစ်နိုင်သည့်အပြင် မူးယစ်ဆေးဝါးအန္တရာယ်နှင့် အခြားမိသားစုလူမှုပြဿနာများရှိနိုင်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

မော်ဟဲရွာသည် မြိုင်သယာ ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ရှိသည်။ ရွာတွင် အရံသားဖွားဆရာမတစ်ဦးရှိသည်။ အရေးပေါ်ကျန်းမာရေးကိစ္စ ပေါ်ပေါက်လာပါက မိုးညှင်းမြို့သို့သွားရောက်ကြသည်။ ကြီးမားသည့် ကျန်းမာရေးပြဿနာများမရှိပါ။ ရွာ၏(၉၆)ရာခိုင်နှုန်း

သည် ယင်လုံအိမ်သာကို အသုံးပြုကြသည်။ ကျင်းအိမ်သာနှင့် တောထိုင်သည့်အလေ့အထ အနည်းအကျဉ်းသာရှိသည်။ ဟင်းရွက်သားငါးဈေးနှင့် (၃)မိုင်သာဝေးသဖြင့် ဝယ်ယူစားသောက်နိုင်သည်။ ဒေသတွင်ပဲပုပ်များထွက်ရှိသည်။ ရွာတွင်ချောင်းမြောင်းနှင့် အိုင်များမှ ငါးများရှာဖွေနိုင်သည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ရွာတွင် မူလတန်းကျောင်းရှိပြီး မူလတန်းပညာရေးပြီးဆုံးသူ (၆၁)ရာခိုင်နှုန်းရှိသည်။ အလယ်တန်းပညာရေးပြီးဆုံးသူဦးရေ (၁၅)ရာခိုင်နှုန်းသာရှိရခြင်းမှာ မူလတန်းပညာပြီးဆုံးသောကျောင်းသူ/သားများသည် အခြားရွာများသို့ ကျောင်းတက်ရန် မိဘများကုန်ကျစရိတ် မတတ်နိုင်သဖြင့် အလယ်တန်းပညာကို ဆက်မတက်နိုင်သော ကလေးများရှိပါသည်။ မူကြိုကျောင်းသား (၁၀)ဦးရှိပြီး (၂၀၁၀)ခုနှစ်တွင် ကျောင်းနှင့်တွဲ၍ စတင်ခဲ့ကြသည်။

## (စ) ကျားမ ဆိုင်ရာဆက်နွယ်မှု

ကျေးရွာလူထုအကြား ကျားမညီမျှရေးအခြေအနေများမှာ တည်ငြိမ်မှုရှိသည်ဟု ထင်ရနိုင်ပါသည်။ မိသားစုအတွင်း အမျိုးသား အမျိုးသမီးများတွင် လွတ်လပ်သော လုပ်ပိုင်ခွင့်များရှိသည်ကို တွေ့ရှိရသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားမှုပြဿနာများမရှိပါ။ အမျိုးသမီးနှင့် အမျိုးသားငယ်များတွင် တန်းတူပညာသင်ခွင့်၊ လေ့လာသင်ယူခွင့်နှင့် အခြားအရပ်သို့ သွားရောက်အလုပ်လုပ်ကိုင်ခွင့်များစသည့် အခွင့်အရေးများရှိကြသည်။ လူမှုစံသတ်မှတ်မှုများအရ အမျိုးသမီးများသည် အုပ်ချုပ်မှုအခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်မှုနည်းပါးသည်ကို တွေ့ရသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျားမညီမျှရေးနှင့် ပူးပေါင်းလုပ်ဆောင်မှုတို့သည် ဆက်နွယ်နေကြောင်းကို မိသားစုဝင်များနှင့် ရွာသူ/သားများ နားလည်ယုံကြည်မှုရှိကြသည်။

# ၄။ ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်း ဘာသာရေးအဖွဲ့နှင့် လူမှုရေးအဖွဲ့တို့ ရှိပါသည်။ ကျေးရွာအတွင်း လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမအသင်းမှ ချေးငွေများရရှိကြသည်။ ကျေးရွာတောင်သူများထဲမှာ တစ်ဦး တာဝန်ယူဆောင်ရွက်နေပါသည်။ ရွာတွင်းရှိ အဖွဲ့အစည်းများသည် ဂေါပကအဖွဲ့၏ ကြီးကြပ်မှုဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

လယ်ယာမြေချဲ့ထွင်ရန် မြေမရှိသော်လည်း တရွာလုံးပိုင်သော ပြုစုတော-၃၀၀ ဧကကို လယ်ယာသစ်တောစိုက်ခင်းများ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာသို့ တင်ပြထားပြီးဖြစ်သည်။

လယ်စိုက်အပြီးတွင် စိုက်ပျိုးရေရရှိသော လယ်နှင့်ယာခင်းများတွင် မြေပဲကို အဓိကထား၍ စိုက်ပျိုးကြပါသည်။ အခြား ခရမ်းချဉ်သီး၊ မုန်ညှင်း၊ ဘိုစားပဲ၊ ပဲဝက်ခေါက်၊ စတော်ပဲ အနည်းငယ် စိုက်သည်။ နန့်ပင့်ချောင်းဆည်မှ ရေသွယ်မြောင်းများပြုလုပ်၍ ရေလိုအပ်သော လယ်မြေများသို့ အောင်ရေပေးသွင်းနိုင်ပါ က နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးထုတ်လုပ်နိုင်လာမည်။ တောင်သူများ အနေနှင့် တန်ဖိုးမြင့်သီးနှံစိုက်ပျိုးထုတ်လုပ်လိုကြသော်လည်း၊ နည်းပညာနှင့် စစ်မှန်သောမျိုးများ ရရှိရန် အခက်အခဲဖြစ်နေကြရသည်။

မွေးမြူရေးပြုလုပ်သောတောင်သူများနှင့်ကျပန်းလုပ်သားများသည် ဒေသမျိုးများ ဖြစ်သည့် ကျွဲ၊ နွားနှင့် ဝက်များကို စီးပွားဖြစ်မွေးမြူလိုသော်လည်း အရင်းအနှီးမရှိ၍ မမွေးနိုင်သေးပါ။ လိုအပ်သော အစာနှင့် ဆေးဝါးများလက်လှမ်းမီမှုရရှိပြီး ထုတ်ကုန်များ အလွယ်တကူ ရောင်းချနိုင်သဖြင့် ဤဒေသတွင် စီးပွားဖြစ် မွေးမြူရန်အသင့်တော်ဆုံးဖြစ်ပါသည်။ ဈေးကွက်ကောင်းများ ရှိသော်လည်း စီးပွားဖြစ်မွေးမြူရန် အတွက် ချေးငွေဝန်ဆောင်မှုနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများနှင့် လက်လှမ်းမီရန် ခက်ခဲနေသည်။

## (ဂ) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ရောင်းဝယ်ဖောက်ကားရေး လုပ်ငန်းအခွင့်အလမ်းများရှိသော်လည်း ဈေးကွက်ချိတ်ဆက် ဆောင်ရွက်နိုင်မှုတို့တွင် အားနည်းနေသေးသည်။ ယင်းလုပ်ငန်းများအတွက် ပုဂ္ဂလိက ရင်နှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုးရန်လိုအပ်ပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ဤကျေးရွာတွင် အပြည်ပြည်ဆိုင်ရာသစ်ပင်နှင့်တောရိုင်းတိရိစ္ဆာန် များကာကွယ် ထိန်းသိမ်းရေးအဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့သည် သစ်တောများ ပြန်လည်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်း ခြင်းနှင့် တရားဝင်စာရွက်စာတမ်းပြုလုပ်ရာတွင် ငွေကြေးနှင့် နည်းပညာများ ပံ့ပိုးပါသည်။ ယခု လက်ရှိတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှု ကြီးကြီးမားမားမရှိပါ။ လွန်ခဲ့သော (၁၈)နှစ်က တောင်ကျရေများပြီး ချောင်းရေတိုက်စားမှုကြောင့် လယ်ဧက(၁၀၀) ခန့် ပျက်ဆီးသွားပါသည်။ ထိုအချိန်မှစ၍ ယခုလက်ရှိရွာသို့ ရွှေ့ပြောင်းခဲ့ရပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာရှိ ချေးငွေဝန်ဆောင်မှုအမျိုးအစားများမှာ လယ်စိုက်ပျိုးရန် လယ်ပိုင်ရှင် များနှင့် အဖွဲ့ဝင်များသာ ချေးယူခွင့်ရှိသော လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်း၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ အရေးပေါ်ချေးငွေများ အနည်းငယ်ရရှိနိုင်ခြင်းနှင့် အပေါင်ဆိုင်၊ ငွေတိုးပေးစား သူများထံတွင်မူ အတိုးနှုန်းကြီးစွာဖြင့် ငွေချေးကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင် တစ်ပိုင် လုပ်ကိုင်ကြရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

အလယ်တန်း၊ အထက်တန်းကို အ.ထ.က(မြိုင်သာယာ)တွင် တက်ပါသည်။ အထွေထွေကုန်ကျစရိတ်များသည့်အတွက် ဆင်းရဲသော မိသားစုများနှင့် ကျောင်းသားများသော မိသားစုများသည် ငွေကြေးပေးဆောင်ရန်အခက်ခဲရှိပါသည်။ ထို့ကြောင့် မူလွန်ကျောင်းရရှိရန် လိုအပ်နေပါသည်။ ထို့ပြင် ယခုလက်ရှိကျောင်းနှင့်ကျောင်းသား ဦးရေများသဖြင့် ကျောင်းဆောင်တိုးချဲ့ခြင်း (သို့) ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုအပ်နေ ပါသည်။

၁၉၉၈ ခုနှစ်တွင် အစိုးရမှ သင်တန်းပေးထားသော အရံသားဖွါးဆရာမ (၁) ဦးရှိပါသည်။ ကျေးရွာသူ/သားများသည် အဖျားရောဂါမသက်သာပါက ကျေးလက်ကျန်းမာရေးဌာနခွဲ၊ တိုက်နယ်ဆေးရုံနှင့် မြို့နယ်ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ မော်ဟဲကျေးရွာသည် ကျေးလက်ကျန်းမာရေးဌာန (မြိုင်သာယာ)နှင့် (၃)မိုင် ကွာဝေးပါသည်။ တိုက်နယ်ဆေရုံး(မော်လူး)နှင့်(၉)မိုင်ဝေးပြီး မြို့နယ်ဆေးရုံးကြီး မိုးညှင်းသို့ (၁၈)မိုင် ကွာဝေးပါသည်။ ထို့ကြောင့် အရေးပေါ်ပို့ဆောင်ရေး အစီအစဉ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

AZGမှ ကျေးရွာအရောက် TB, HIV/AIDS နှင့်ပါတ်သက်သော ကျန်းမာရေးဟော ပြောပွဲကို တစ်နှစ်သုံးကြိမ်လာရောက် ဟောပြောသည့်အတွက် ရွာသားများကျန်းမာရေးကို ပိုမိုဂရုစိုက် ဖြစ်လာကြသည်။

ယခုလက်ရှိသုံးသောရေတွင်း၊ တုံကင်များသည် ရေကောင်းရေသန့်ရရှိသော်လည်း တစ်နှစ်လျှင် (၃)လ (တပေါင်း၊ တန်ခူး၊ ကဆုန်)လများတွင် သောက်သုံးရေခမ်းသည့်အတွက် အခက်အခဲနှင့်ကြုံတွေ့ရပါသည်။ ထို့ကြောင့် တစ်နှစ်လုံးသောက်သုံးရေရရှိရန် အဝီစိစက်ရေတွင်း ပြုလုပ်လိုပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များသည် ဘာသာရေး၊ လူမှုရေး သာရေး၊ နာရေးများနှင့် ရိုးရာပွဲတော်များတွင် တက်ကြွစွာ ပါဝင် လှုပ်ရှားကြသူများဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးဆောင်လုပ်သားများဖြစ်သာ ပါဝင်လုပ်ကိုင်ကြသည်။ ဖျော်ဖြေရေးအတွက် တီဗွီ၊ ဗွီဒီယိုနှင့် ရေဒီယိုလိုင်းများကို ဖမ်းယူနာဆင်းခြင်းဖြင့် အပန်းဖြေကြသည်။

နိုင်ငံရေးအခြေအနေတည်ငြိမ်သောဒေသဖြစ်သော်လည်း ရွာနှင့် အနီးပတ်ဝန်းကျင်များတွင် လူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ် ခြိမ်းခြောက်လျက်ရှိသည်။

ရွာတွင် အားကစားအထောက်အကူပြု ပစ္စည်းများမရှိခြင်း၊ ကျေးရွာများ၏ လူငယ်များစုပေါင်း၍ အားကစားလုပ်ဆောင်နိုင်ရေးနှင့် လေ့ကျင့်နိုင်ရေးတို့အတွက် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

**(ဓ) အခြေခံ အဆောက်အဦ- လက်လှမ်းမီ ရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာအတွင်းနှင့် ချဉ်းကပ်လမ်းများ စုစုပေါင်း(၆)ခုရှိပါသည်။ ရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းများသည် မြေသားလမ်းဖြင့် ပြုလုပ်ထားရာ လမ်း(၄)လမ်းသည် သွားလာရေး ကောင်းသော်လည်း ကျန်(၂)လမ်းသည် မကောင်းသေးပါ။ ဆက်လက်လုပ်ကိုင်ရန် လိုအပ်ပါသည်။

အစိုးရဌာနမှ ရေပြွန်(၂)ခု ပံ့ပိုးပေးထားသည်။ ကိုယ်အားကိုယ်ကိုးဖြင့် ရေပြွန်(၄)ခု စုစုပေါင်း (၆)ခုရှိပါသည်။ ကျေးရွာရှိ မြေသားလမ်းတွင် ရေပြွန် (၁)ခုလုပ်ရန် လိုအပ်ပါသည်။

လျှပ်စစ်မီးရရှိရန် ကျေးရွာတွင် မီတာနှင့် မီးကြိုးတပ်ဆင်ရန် လိုအပ်ပါသည်။ တစ်အိမ်လျှင် တစ်သိန်းခွဲကျပ် ကုန်ကျမည် ဖြစ်ပါသည်။ ဆင်းရဲသော မိသားစုများသည် မီးသွယ်ယူရန် ငွေကြေးအခက်အခဲ ရှိကြပါသည်။ ကျေးရွာမှ လျှပ်စစ်မီးရန်ပုံငွေရှာဖွေရေးလုပ်ငန်းများကို စုစည်းလုပ်ဆောင်သွားမည့် အစီအစဉ်များရှိသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ရပ်ရွာအေးချမ်းတည်ငြိမ်မှု ရှိနေသော်လည်း မူးယစ်ဆေးဝါးသုံးစွဲနေသော လူငယ်၊ လူရွယ်များကြောင့် မိသားစုအတွင်း စိတ်အေးချမ်းသာမှုမရရှိ ဖြစ်နေကြရသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ**

- ဂေါပကအဖွဲ့မှ ကြီးကြပ်မှုဖြင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာတိုးတက်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်လုပ်ဆောင်နေသော ဦးဆောင်ကောင်းများရှိခြင်း
- စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် တစ်နှစ်ပတ်လုံးရေရရှိနိုင်သည့် ချောင်းငယ်များရှိခြင်း၊ စိုက်ပျိုးချိန်များတွင် ရေရရှိနိုင်ရန်အတွက် တားပိတ်နိုင်ခြင်း
- မွေးမြူရေးအတွက် စားကျက်မြေပြုလုပ်နိုင်သည့် ပလပ်မြေလွတ်ရှိခြင်း၊ တောတောင်များနှင့် သစ်တောများရှိခြင်း၊ ဒေသအတွင်း အစာနှင့် ဆေးဝါးများအလုံအလောက် ရရှိနိုင်ခြင်း၊ မိုးညှင်း တိမွေးကုဌာနနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း ကျေးရွာတွင် ရောင်းဝယ်ရေးဈေးကွက်ရှိခြင်း
- ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ခေါက်ပြန်ဘူတာ ဆောက်လုပ်နိုင်ခြင်း
- ကျေးရွာ မီးလင်းရေးဆောင်ရွက်ရန်အတွက် တစ်ရွာလုံးစုပေါင်းလုပ်အားဖြင့် ရန်ပုံငွေ ရှာဖွေသည့် အစီအစဉ်ရှိခြင်း
- သောက်သုံးရေအတွက် မြေအောက်ရေရရှိနိုင်ခြင်း

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

- ကျေးရွာကော်မတီများသည် မြို့နယ်အဖွဲ့အစည်းများနှင့်ဆက်သွယ်ရန် တုံ့နှေးနေခြင်း
- ကျေးရွာလူထုအခြေပြုအဖွဲ့များ ခိုင်မာတောင့်တင်းရေး အစီအစဉ်များမရှိခြင်း
- နန့်ပင့်ဆည်မှာ လယ်ဧက(၅၀)သာ ရေရရှိသဖြင့် လယ်အများစုမှာရေလိုအပ်နေသေးခြင်း
- ချေးငွေဝန်ဆောင်မှုပေးသည့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးရန်လိုအပ်နေသေးခြင်း
- ဈေးကွက်ဝင်သီးနှံများ ကိုစမ်းသပ် စိုက်ပျိုးရန် နည်းပညာအကူအညီများ လိုအပ်နေခြင်း
- မိုးညှင်းတွင်ကုန်စည် ဒိုင်များမရှိခြင်း
- မိုးညှင်းမြို့နှင့် (၁၈) မိုင်ဝေးသော်လည်း ရပ်နားဘူတာ မရှိခြင်းကြောင့် စိုက်ပျိုးရေးထွက်ကုန်များကို ရွှေဘို၊ မန္တလေးဈေးကွက်အရောက် ရောင်းဝယ်ဖောက်ကာရန်အခွင့်အလမ်းမရှိဖြစ်နေခြင်း
- တိကုသင်တန်း ဆင်းသူများမှာ လုပ်ငန်းကျွမ်းကျင်မှုမရှိခြင်း၊ တိမွေးဌာနမှ တိကုသင်တန်းဆင်းများကို မွမ်းမံ သင်တန်းများမပြုလုပ်နိုင်ခြင်း
- ငါးလုပ်ငန်းဦးစီးဌာနများနှင့် လက်လှမ်းမမီခြင်း၊ ဈေးကွက်အဆောက်အဦ သိုလှောင်ရုံများဖွံ့ဖြိုးရန်လိုအပ်ခြင်း၊ စက်မှုထုတ်ကုန်မူဝါဒများ တိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ခြင်း
- ကုန်သွယ်မှုနှင့် သက်ဆိုင်သော ဥပဒေများလုပ်ထုံး လုပ်နည်းများ စနစ်တကျဆောင်ရွက်ရန်လိုအပ်ခြင်း
- ပညာရေးအဆင့် မြှင့်တင်ဆောင် ရွက်နိုင်ရန်အတွက် အလယ်တန်း ကျောင်းခွင့်ပြုမိန့် နှင့် ကျောင်းဆရာ လုံလောက်စွာရရှိ ရန်ခက်ခဲနေခြင်း
- အဝီစိစက်ရေတွင်းပြုလုပ်ရန်အတွက် ကျေးရွာတွင် ငွေကြေးအလုံအလောက်မရှိခြင်း

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေဆွဲသည့်အဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်၍ နောင်ငါးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့သည် -

(၁) စိုက်ပျိုးမွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်ပြီး ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေတိုးတက်လာရေး

(၂) စိတ်ချလုံခြုံရသော လူမှုပတ်ဝန်းကျင်နှင့် ပညာရေးအရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်တိုးပွားလာနိုင်ရေး

(၃) လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုများ တိုးတက်လာစေရေးနှင့် စွမ်းဆောင်ရည်ထက်မြက်လာရေး

(၄) ကျေးရွာအခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်လာရေး (လမ်းနှင့် သောက်သုံးရေသန့်)

**(ခ) နည်းဗျူဟာ**

ကျွန်ုပ်တို့ချမှတ်ထားသော ရည်မှန်းချက်များရရှိရန်လုပ်ဆောင်ရမည့် အောက်ပါနည်းဗျူဟာများမှာ -

(၁) သီးထပ်စိုက်ပျိုးဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းနှင့် အကျိုးအမြတ်များအောင် ဆောင်ရွက်ခြင်း

- အနီးအနားကျေးရွာများမှ လယ်မြေနှင့် ယာမြေများတွင် မိုးသီးနှံ၊ ဆောင်းသီးနှံ၊ နွေသီးနှံများ စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ရေးအတွက် အဝီစိတွင်းများ တူးဖော်ခြင်းဖြင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ရန်လိုပါသည်။ ဆင်းရဲသောအိမ်ထောင်စုများအတွက် မြေယာအသစ်ဖော်ထုတ်၍ သီးနှံသစ်တောရောနှော စိုက်ခင်းများ စိုက်ပျိုး ထုတ်လုပ် လာနိုင်အောင်ဆောင်ရွက်ကြပါမည်။
- နွား၊ ဝက်၊ ကျွဲ၊ ကြက်စသည့်တိရိစ္ဆာန်များ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်ရေးအတွက် အရင်းအနှီးရရှိရေး အစီအစဉ်များဆောင်ရွက်ရပါမည်။
- စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းထွက်ကုန်များကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် ဈေးကွက်ဗဟိုချက်အဖြစ် မိုးညှင်းမြို့တွင် ကုန်စည်ဒိုင်များ ဖွင့်လှစ်၍ ဈေးကွက်လက်လှမ်းမီရန် ဆောင်ရွက်ခြင်း

(၂) ကျေးရွာအတွင်း အရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော (အထူးသဖြင့် မူးယစ်ကင်းစင်သော) ပတ်ဝန်းကျင်ကောင်း တစ်ခုဖြစ်အောင်ဆောင်ရွက်ခြင်း

- မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးရွာ မူးယစ်ကင်းစင်ဆောင်ရွက်မည့် ကော်မတီများ၏ အရည်အသွေးကိုမြှင့်တင်ခြင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းမှ နည်းပညာ အကူအညီများ ရယူ၍ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် ဖြစ်ပါသည်။
- လူငယ်လူရွယ်များ ကြံ့ခိုင်ဖွံ့ဖြိုးလာစေရေးအတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအောက်ရှိရွာမှ လူငယ်များစုပေါင်း၍ ဂီတ၊ အားကစား၊ နှင့် အခြားသော လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ လုပ်ငန်းအကောင်အထည်ဖော် လုပ်ဆောင်နိုင်မည့် သတင်းအရင်းအမြစ်များနှင့် လုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်သွားမည်။

(၃) ကျေးရွာ၏ လူမှုစီးပွားရေးအခြေအနေတိုးတက်မြင့်မားရေးကို ရေရှည်ဆောင်ရွက်မည့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် စီမံခန့်ခွဲမှုစနစ်များ တည်ဆောက်ခြင်း

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော် ခြင်းများ ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း
- ကျေးရွာအတွင်း အရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော အထူးသဖြင့် မူးယစ်ကင်းစင်သော ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီး လုပ်ဆောင်နိုင်သည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးရွာ မူးယစ်ကင်းစင်ဆောင်ရွက်မည့် ကော်မတီများ၏ အရည်အသွေးကို မြှင့်တင်၍ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းမှ နည်းပညာအကူအညီများ ရယူ၍ မူးယစ်ဆေးဝါး တားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန်
- ရွာသားများအလုပ်အကိုင်အခွင့်အလမ်းရရှိရန် ဒေသနှင့်ကိုက်ညီသော သင်တန်းဝန်ဆောင်မှုများ ရရှိလာစေရေးနှင့် လုပ်ငန်းအခွင့်အလမ်းများရရှိရန် လုပ်ငန်းကျွမ်းကျင်မှုနှင့် ပညာတတ်မြောက်မှုများ တိုးတက်အောင် ဆောင်ရွက်သွားခြင်း

(၄) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ၊ ငွေကြေးပံ့ပိုးမှုနှင့် ကျေးရွာမှ ဒေသထွက်ပစ္စည်းနှင့် လုပ်အားစိုက်ထုတ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေးအစီအစဉ်များ ချမှတ်ခြင်း

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစု ဖော်ပြထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်မည်ဖြစ်ပါသည်။

ဤကျေးရွာအတွက် အရေးကြီးသောမူဝါဒဆိုင်ရာနှင့် အစီအစဉ်ကျသည့်ပံ့ပိုးမှုပေးရန် လိုအပ်ချက်မှာ တရားဝင်မြေယာပိုင်ဆိုင်ခွင့်ရရှိရေး ဖြစ်ပါသည်။ နိုင်ငံတော်မှ မြေယာတရားဝင်ပိုင်ဆိုင်ခွင့်ကိုပေးနေသော်လည်း၊ မသိနားမလည်ခြင်း၊ ဌာနဆိုင်ရာများထံဝင်ထွက်ဆက်ဆံခြင်းတို့ မလုပ်ရဲသဖြင့် စိုက်ခင်းရှိသော်လည်း ဥပဒေအရမပိုင်ဆိုင်ကြခြင်းတို့ ဖြစ်နေကြသည်။ ထိုဖြစ်စဉ်ကို

ကျေးရွာအုပ်စု နှင့်မြို့နယ်အဆင့်တို့တွင် ထိရောက်သည့်ပံ့ပိုးမှုပေးနိုင်မှသာ မြေယာအမှုအခင်းများ တားဆီးကာကွယ်နိုင်မည်ဖြစ်သည့်အတွက် ယခုစာတမ်းတွင်တင်ပြခြင်းဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသူ၊ ရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသော ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန် အချိန်မှန်ပြန်လည်သုံးသပ်မည့် အစီအစဉ်များ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

မော်ဟဲကျေးရွာရှိ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေးသော ချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေး လုပ်ကိုင်သူများ အတွက် မလုံလောက်သော ချေးငွေပမာဏဖြစ်သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလများ ရှိခြင်းကြောင့် မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များ ရှိနေသည်။ လယ်သမားများ မှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသေးသည့်အတွက် ချေးငွေအလုံအလောက်ရရှိရန် အတိုးကြီးပေး၍ ချေးယူကာ လယ်၊ယာ လုပ်ငန်းများကို လုပ်ကိုင် နေကြရသည်။ ဆင်းရဲသော တောင်သူများ၊ လက်လုပ် လက်စားများမှာ ငွေကြေးချေးယူရရှိရန် ခက်ခဲသည်။ သီးနှံနှင့် သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေး ကာလရှည်ချေးငွေနှင့် လယ်၊ ယာလုပ်ငန်းချေးငွေ ဝန်ဆောင်မှုများကို ဒေသနှင့်ကိုက်ညီစွာ ဝန်ဆောင်မှုရရှိရန် လိုအပ်နေ ပါသည်။

## အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်ုပ်တို့ ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက် ထုတ်လုပ် ရန် မြေဆီသြဇာ အားကောင်းသော လယ်၊ယာမြေများပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များ ရှိခြင်း တို့ကြောင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသောတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချ နိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိ လူသား အရင်းအမြစ် သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ များပြား လာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစု ပေါင်းစည်းနေထိုင် လုပ်ကိုင် နိုင်ခြင်းနှင့် စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂုန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်း

များအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေ အစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက်လာစေပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ် ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

## (ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလာဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ် သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ(Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးဆွေးနွေးပွဲမှ လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

| ကဏ္ဍ / အကြောင်း အရာ | စီမံချက် | ရမှတ် ပေါင်း | အ ဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး* | | | | | |
| **သောက်သုံးရေ လုံလောက်စွာ ရရှိရေး** | ၁။ တစ်နှစ်ပတ်လုံးစိတ်ချရသော သောက်ရေ ရရှိရေးလုပ်ငန်းတစ်ခု ပြုလုပ်ခြင်း | ၁၀၀ | ၁ | မြို့နယ်ကျေးလက်ဒေသဖွံ့ ဖြိုးရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ရွာလူထု၏ ပူးပေါင်းပါဝင်မှု ရယူခြင်း။ | ကျေး/လ က် ဦးစီး |
| *ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း* | | | | | |
| **ချေးငွေ လက်လှမ်း မီရေး** | ၂။ အစုအဖွဲ့များအလိုက်ငွေစုငွေချေးအ ဖွဲ့များဖွဲ့စည်းခြင်းနှင့် ဘဏ်များနှင့် ဆက်သွယ်လုပ်ဆောင်၍ ချေးငွေရရှိရန် စီစဉ်ဆောင်ရွက်ခြင်း | ၉၀ | ၂ | စိုက်ပျိုး၊ မွေးမြူရေးနှင့်ဝင်ငွေတိုးလုပ်ငန်းအတွက် ချေးငွေရရှိရန် ငွေစုငွေချေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် အသေးစားကုန်ထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ခြင်း<br>ချေးငွေအတွက်လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း။<br>ပြင်ပမှ သင်တန်းဆရာခေါ်ယူပြီး အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းပေးခြင်း။<br>ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်း နှင့်လုပ်ငန်း အကောင်အထည်ဖော်ခြင်း။<br>အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း။ | |

| ကဏ္ဍ / အကြောင်း အရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျန်းမာရေး* | | | | | |
| **ကျန်းမာရေးစောင့်ရှောက်ခြင်းတိုးတက်လာစေရေး** | ၃။ ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုလက်လှမ်းမီခြင်း | ၇၇ | ၃ | ကျန်းမာရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခွင့်ပြုမိန့်ရယူပြီး(အလျား ၃၀၊ အနံ ၂၀)ရှိသော ကျန်းမာရေး အဆောက်အဦကိုဆောက်လုပ်ရန်<br>VDC မှ တာဝန်ယူပြီး ကျန်းမာရေး စောင့်ရှောက်သည့် အဖွဲ့ဖွဲ့ခြင်းဖြင့် ရေရှည်ထိန်သိမ်းဆောင်ရွက်ခြင်း<br>ကျန်းမာရေးဝန်ဆောင်မှု များအား လက်လှမ်းမီမှု တိုးတက်ရေး။<br>ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| *တိရိစ္ဆာန် မွေးမြူရေး* | | | | | |
| **သားငါးထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့်နည်းပညာသင်တန်း** | ၄။ တစ်နိုင်နှင့်စီးပွားဖြစ်မွေးမြူရေး လုပ်ခြင်း | ၇၀ | ၄ | နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် မွေးမြူရေး ထွက်ကုန် တိုးတက်မြင့်မားစေခြင်း။<br>မြို့နယ် မွေးကုဌာနနှင့် ချိတ်ဆက်ခြင်း။<br>ပလပ်မြေနေရာ(၁၀)ဧကကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် VDCတို့ ပူးပေါင်း၍ မြေစာရင်းဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း | |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
| --- | --- | --- | --- | --- | --- |
| | | | | မွေးမြူရေး ထုတ်လုပ်ရေး အတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း။ | |
| *စိုက်ပျိုးရေး ကဏ္ဍ*<br>**အခြေခံ အဆောက်အဦး နှင့် နည်းပညာ သင်တန်း** | ၅။ သီးနှံပိုမိုထုတ်လုပ်နိုင်ရန်အတွက် နည်းပညာများလက်လှမ်းမီစေခြင်း | ၆၀ | ၅ | ရေထွက်ပေါက်များကိုတာပိတ်ခြင်းနှင့် ဆည်မြောင်းတိုးချဲ့ တည်ဆောက်ခြင်း၊ ငါးပေါက်တွင်းစမ်းသပ်တူးဖေါ်ခြင်းတို့ဆောင်ရွက်ရန် တတ်ကျွမ်းသော နည်းပညာရှင်များ၊ ဆည်းမြောင်းဦးစီးဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။<br>မိုးညှင်းမြို့ရှိ စိုက်ပျိုးရေးဌာနနှင့်ဆက်သွယ်၍ သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်ရေး နည်းပညာ သင်တန်း<br>စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ)နှိမ်နင်းရေး<br>စိုက်ပျိုးရေး သွင်းအားစုဝန်ဆောင်မှုပေးမည့်သူများ နှင့် ဆက်သွယ်မှုရရှိရန်<br>အစိုးရဌာနသို့ တင်ပြခြင်း | |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ပညာရေး* | | | | | |
| **ကလေး ပညာရေး ဖွံ့ဖြိုးရေး** | ၆။ ကျောင်းသူ/သားများအတွက် အေးချမ်းပျော်ရွှင်ဖွယ်နေရာဖန်တီးပေးခြင်း | ၅၈ | ၆ | မိဘဆရာအသင်း၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့တို့မှ ဦးဆောင်၍ (အလျား၉၀ အနံ၃၀)ရှိသော မူလတန်းကျောင်းဆောင် သစ်တစ်ဆောင်နှင့် မူကြို (အလျား ၃၀၊ အနံ ၂၀) မူကြို ကျောင်းဆောင်ငယ် တစ်ဆောင် တည်ဆောက်ရန် ကျေးရွာမှ လုပ်အားနှင့် သစ်(၁.၅)တန် ထည့်ဝင်ခြင်း<br>မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။ (အလျား၄၀၊အနံ၃၀)ရှိသောအဆောက် အဦဆောက်လုပ်ရန် | |
| *လူငယ်၊ယဉ်ကျေးမှုနှင့်အားကစား* | | | | | |
| **လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာစေရေး** | ၇။ လူငယ်များ ဗဟုသုတနှင့် အားကစား လေ့လာလိုက်စားလုပ်ချင်စိတ်ပေါ်အောင် အားပေးအားမြှောက်ပြုခြင်း | ၅၇ | ၇ | လူငယ်များစွမ်းဆောင်ရည် မြင့်မားလာစေခြင်း။ AZG ကဲ့သို့သော ကျန်းမာရေးနှင့်သက်ဆိုင်သော အန်ဂျီအို အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်မည်။<br>အခြေခံခေါင်းဆောင်မှုသင်တန်း၊ အဖွဲ့အစည်း စီမံခန့်ခွဲမှုသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း<br>မူးယစ်ဆေးဝါး ကာကွယ်တားဆီးခြင်း | ကျေးလက် ဦးစီး |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | အားကစားကွင်းကိုမြေညှိခြင်း၊ ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်ရန်၊ ဘောလုံးနှင့် အခြားအားကစားနည်းများအတွက် နည်းပြဆရာကို ခေါ်၍သင်ယူမည်။ | |
| *လျှပ်စစ်ဓာတ်အားသုံးစွဲရေး* | | | | | |
| **လျှပ်စစ်မီး ရရှိရေး** | ၈။ ကျေးရွာရှိအိမ်တိုင်း လျှပ်စစ်မီးလင်းရေး အတွက် ဆောင်ရွက်ခြင်း | ၅၄ | ၈ | ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်။<br>တစ်အိမ်ချင်းစီကုန်ကျမည့် မီတာ၊ မီးကြိုးတပ်ဆင်ခ (၁) အိမ်လျှင် (-၁၅၀၀၀၀/-)ကျပ်ငွေကို စုပေါင်းရန်ပုံငွေရှာဖွေခြင်းနည်းလမ်းဖြင့် ဆက်လက်လုပ်ဆောင်သွားကြရန်<br>သမဝါယမဦးစီးဌာနမှ ချေးငွေရရှိရန် ချိတ်ဆက်ခြင်း။ | ကျေးလက်ဦးစီး |
| *ဖွံ့ဖြိုးရေးဆိုင်ရာ အုပ်ချုပ်မှု ကဏ္ဍ* | | | | | |
| ***အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု*** | ၉။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးခြင်း | ၄၈ | ၉ | • ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း<br>• အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း<br>• ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း | ကျေးလက်ဦးစီး |

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး သင်တန်းများစီစဉ်ခြင်း | |
| *လမ်းပန်းဆက်သွယ်ရေး* | | | | | |
| **လမ်း၊ တံတား ကောင်းမွန်လာစေရေး** | ၁၀။ လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေခြင်း | ၃၁ | ၁၁ | လမ်း၊ တံတားကော်မတီဖွဲ့ စည်းခြင်းနှင့် ကျေးရွာချဉ်းကပ်လမ်း ပြုလုပ်ခြင်း<br>ရွာတွင်းလမ်းပြုလုပ်ခြင်းနှင့် တံတား၊ ရေပြွန်များ တည်ဆောက်ခြင်း<br>မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြခြင်း။ | ကျေးလက်ဦးစီး |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

**စီမံကိန်းကာလ**

| စဉ် | စီမံကိန်း (Project) | ဦးစားပေး အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | တစ်နှစ်ပတ်လုံးစိတ်ချရသော သောက်ရေ ရရှိရေးလုပ်ငန်း တစ်ခုပြုလုပ်ခြင်း | ၁ | ✔ | ✔ | | | |
| ၂ | အစုအဖွဲ့များအလိုက်ငွေစုငွေချေး အဖွဲ့များဖွဲ့စည်းခြင်းနှင့် ဘဏ်များ နှင့် ဆက်သွယ်လုပ်ဆောင်၍ ချေးငွေရရှိရန် စီစဉ်ဆောင်ရွက်ခြင်း | ၂ | ✔ | ✔ | ✔ | ✔ | ✔ |
| ၃ | ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုလက်လှမ်းမီခြင်း | ၃ | ✔ | | | | |
| ၄ | တစ်နိုင်နှင့်စီးပွားဖြစ်မွေးမြူရေး လုပ်ခြင်း | ၄ | ✔ | ✔ | | | |
| ၅ | သီးနှံပိုမိုထုတ်လုပ်နိုင်ရန်အတွက် နည်းပညာများလက်လှမ်းမီစေခြင်း | ၅ | ✔ | | | | |
| ၆ | ကျောင်းသူ/သားများအတွက် အေးချမ်းပျော်ရွှင်ဖွယ်နေရာ ဖန်တီးပေးခြင်း | ၆ | ✔ | ✔ | | | |
| ၇ | လူငယ်များ ဗဟုသုတနှင့် အားကစား လေ့လာလိုက်စား လုပ်ချင်စိတ်ပေါ် အောင် အားပေး အားမြှောက်ပြုခြင်း | ၇ | ✔ | ✔ | ✔ | ✔ | ✔ |
| ၈ | ကျေးရွာရှိအိမ်တိုင်း လျှပ်စစ် မီးလင်းရေးအတွက်ဆောင်ရွက်ခြင်း | ၈ | ✔ | | | | |

| စဉ် | စီမံကိန်း (Project) | ဦးစားပေးအဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၉ | အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာစွမ်းရည် မြှင့်တင်ပေးခြင်း | ၉ | ✔ | ✔ | ✔ | | |
| ၁၀ | လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေခြင်း | ၁၁ | ✔ | ✔ | | | |

## ၉။ ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

### ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | တစ်နှစ်ပတ်လုံးစိတ်ချရသောသောက်ရေ ရရှိရေးလုပ်ငန်းတစ်ခုပြုလုပ်ခြင်း | | | ✔ | | |
| ၂ | အစုအဖွဲ့များအလိုက်ငွေစု ငွေချေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် ဘဏ်များနှင့် ဆက်သွယ်လုပ်ဆောင်၍ ချေးငွေရရှိရန် စီစဉ်ဆောင်ရွက်ခြင်း | | | ✔ | ✔ | |
| ၃ | ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုလက်လှမ်းမီခြင်း | | | | ✔ | ✔ |

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၄ | တစ်နိုင်နှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ခြင်း | | ✔ | | ✔ | |
| ၅ | သီးနှံပိုမိုထုတ်လုပ်နိုင်ရန်အတွက် နည်းပညာများလက်လှမ်းမီစေခြင်း | | | ✔ | ✔ | |
| ၆ | ကျောင်းသူ/သားများအတွက်အေးချမ်း ပျော်ရွှင်ဖွယ်နေရာဖန်တီးပေးခြင်း | | | ✔ | | |
| ၇ | လူငယ်များ ဗဟုသုတနှင့်အားကစား လေ့လာလိုက်စားလုပ်ချင်စိတ်ပေါ် အောင်အားပေးအားမြှောက်ပြုခြင်း | | ✔ | | ✔ | |
| ၈ | ကျေးရွာရှိအိမ်တိုင်း လျှပ်စစ်မီးလင်းရေးအတွက်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၉ | အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးခြင်း | | ✔ | | | |
| ၁၀ | လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေခြင်း | | | ✔ | ✔ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏

ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ ကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေး သင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများ ရယူရပါမည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါ ခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ )

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ

အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ(Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။

(၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report) ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့

- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများ ကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ၁. ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

### ၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၇ | ၁၀ | ၁၇ | ၃ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၉ | ၂၈ | ၄၇ | ၈ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၂၈ | ၂၅ | ၅၃ | ၉ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၂၇ | ၃၂ | ၅၉ | ၁၀ | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၁၇၈ | ၁၈၂ | ၃၆၀ | ၆၄ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၁၄ | ၁၇ | ၃၁ | ၆ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၂၇၃** | **၂၉၄** | **၅၆၇** | **၁၀၀** | |
| **အိမ်ထောင်စုပေါင်း** | **၁၀၂** | | | | **ပျမ်းမျှလူဦးရေ ၅.၅** |

**ရည်ညွှန်း**.. ကျေးရွာရှိလူဦးရေစာရင်းကို ဆယ်အိမ်မှူးများကောက်ယူပြုစုသော စာရင်းဖြစ်ပါသည်။ (၇-၉ ရက်၊စက်တင်ဘာလ၊ ၂၀၁၅နှစ်)

### ၁.၂ လုပ်သားအင်အား

ဇယား (၂ )မော်ဟဲကျေးရွာ၏ လုပ်သားအင်အား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၃၁% | | |
| | အလုပ်သမား၊ ကျပန်း၊ | ၆၆ | ၆၅% | | သူရင်းငှားနှင့် နေ့စားလုပ်သား |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၂ | ***တိရိစ္ဆာန် မွေးမြူရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၉၂ | လယ်ကိုအဓိကလုပ်ကိုင်ကြပြီး ကျွဲ၊နွား၊ကြက်၊ဝက်များတစ်နိုင်တစ်ပိုင်မွေးမြူကြသူများ |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၃ | ***ငါးဖမ်း လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂၀ | ရွာအနီးရှိချောင်းတွင် ရွှေကျင်ခြင်း |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၆ | ***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၇ | ***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | ဆိုင်ကယ်ပြုပြင်ဆိုင် |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၉ | ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၀ | ***လက်လီ-လက်ကား ရောင်းဝယ်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁% | ၉ | အိမ်ဈေးဆိုင်များ၊ ကျောက်ပွဲစား |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၁ | ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁% | | ထမင်းဆိုင် |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၂ | ***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂% | | ယာဉ်မောင်း |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၃ | ***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | ၁ | ရုံးစာရေး |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၆ | ***ပညာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | ၁ | ကျောင်းဆရာမ |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၇ | ***ကျန်းမာရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၉ | **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၂၀ | **ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| | **စုစုပေါင်း** | **၁၀၂** | ၁၀၀% | | |

ရည်ညွှန်း– ဆယ်အိမ်မှူးများကောက်ယူပြုစုသော စာရင်းဖြစ်ပါသည်။ (၇-၉ ရက်၊စက်တင်ဘာလ၊ ၂၀၁၅နှစ်)

## ၁.၃ စိုက်ပျိုးနိုင်သောမြေဧရိယာ

### ၁.၃.၁ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ ( မြေအသုံးချမှု)

ဇယား (၃) စိုက်ပျိုးမြေအသုံးချမှု အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၄၁.၆၀ | သင့် | ရ | နန့်ပင့်ဆည်မှ ၆၄ ဧက |
| ယာမြေ | ၄၅.၅ | | | |
| ဥယျာဉ်ခြံမြေ | ၅ | | | |
| သစ်တောမြေ | ၅၀၀ | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၆၉၂.၁** | | | |

ရည်ညွှန်း ..ဆယ်အိမ်မှူးများကောက်ယူပြုစုသော စာရင်းဖြစ်ပါသည်။ (၇-၉ ရက်၊စက်တင်ဘာလ၊ ၂၀၁၅နှစ်)

### ၁.၃.၂ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| ရွှေ | နည်း | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရိစ္ဆာန်မျိုးစိတ်များ | သင့် | လက်လှမ်းမီ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လက်လှမ်းမီ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

### ၁.၄ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့် အနေအထား

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သောအိမ် ထောင်စု |
| မြေယာပိုင်ဆိုင်မှု | လယ် ၁၀ ဧက | ၅ဧကမှ၁၀ ဧက | ၅ဧကအောက် နှင့် လယ်ငှားလုပ်ကိုင် သူများ | လယ်မဲ့ယာမဲ့ လက်လုပ် လက်စား |
| အိမ်အခြေအနေ | တိုက်ပု (သို့မဟုတ်) ပျဉ်ထောင်ပျဉ် ခင်း | ပျဉ်ထောင်၊ သွပ်မိုး၊ပျဉ်ခင်း | သွပ်မိုး၊ပျဉ်ခင်း၊ ဝါးထရံ | ရှန်း(သို့မဟုတ်) သက်ကယ်မိုး၊ ဝါးကြမ်းခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန် စက်(၂)လုံး၊ခိုင်း နွား(၂)ရှဉ်း၊ နွားမ(၁၀)ကောင် ရေစုပ်စက် | လက်တွန်းထွန် စက်၊နွား၁ရှဉ်း၊ နွားမ(၅-၁၀ ကောင်)ရေစုပ်စက် | နွားမ ၃ကောင် အထက် | - |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သောအိမ် ထောင်စု |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ဆိုလာ၊တီဗွီ၊ ဖုန်း၊မီးစက်၊ ဆိုင်ကယ်၊ကား | ဆိုလာ၊တီဗွီ၊ဖုန်း၊ဆို င်ကယ်၊ | ဆိုလာ၊ခေါက်တီဗွီ ၊ဖုန်း၊ ဆိုင်ကယ်၊ | ဆိုင်ကယ် |
| ဥစ္စာဓန အဆင့် | ၃ ( ၃%) | ၁၈ ( ၁၈%) | ၃၃ (၃၂%) | ၄၈ (၄၇%) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

**ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊**

## ၂.၂.၁ ဝမ်းစာဖူလုံမှု

ဇယား (၆) ဝမ်းစာဖူလုံမှု

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၂၄ | ၈၀ | ငွေချေးသူများထံနှင့်ဆွေမျိုးများ ထံတွင်ချေးယူစားသုံးကြပါသည်။ လုပ်အားကြိုရောင်းခြင်းဖြင့် လည်း ဖြေရှင်းပါသည်။ ရွာတွင် ငွေချေးငှားခြင်းဖြင့် ဖြေရှင်း |
| ၃ လနှင့် ၅ လအထိ | ၄ | ၁၃ | ငွေချေးသူများထံနှင့်ဆွေမျိုးများ ထံတွင်ချေးယူစားသုံးကြပါသည်။ လုပ်အားကြိုရောင်း၍လည်းဖြေ ရှင်းပါသည်။ |
| ၆လ မှ ၁၂ လအထိ | ၂ | ၇ | ငွေချေးသူများထံနှင့်ဆွေမျိုးများ ထံတွင်ချေးယူစားသုံးကြပါသည်။ စပါးစိမ်း ကိုကြိုတင်ရောင်းခြင်း ဖြင့်လည်း ဖြေရှင်းပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ဖိုးဖွား မရှိ၊ အထက် | မိသားစုစောင့်ရှောက်မှုမရှိ | - | - | - |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | - | - | - |
| | | အိမ်ထောင်စု အရေအတွက် | | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၁ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | ၁ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသူ | ၁ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုသည် ၁ အိမ်ရှိပါသည်။ ထိုမိသားစုသည် လက်လုပ်လက်စားဖြင့်သာ အသက်မွေးကြပါသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော အိမ်ထောက်စုသည် ရွှေမော်သို့သွား၍ စီးပွားရေးလုပ်ကိုင်ရာမှ ၃ ခန့်ကြာပြီးဖြစ်သည်။

### ၁.၅.၂ ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့် အခြေအနေများ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ကျပန်းလုပ်ကိုင်သူများနှင့်တောင်သူငယ်များ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...) | မြင့် | ရွှေကျင်ခြင်း၊ သစ်ခုတ်ခြင်း စသည်တို့ လုပ်ကိုင်ကြသဖြင့် သဘာဝရေ အရင်းအမြစ်များ ပျက်ဆီးကာ စိုက်ပျိုးရေ မရရှိခြင်းနှင့် သောက်သုံးရေ ရှားပါးခြင်းတို့ ဖြစ်နေပါသည်။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၃ | ရေကြီးခြင်း | လတ် | တောင်ကျရေကြီးချိန်တွင်သီးနှံစိုက်ခင်းများ ရေလွှမ်းသဖြင့်သီးနှံများ ပျက်ဆီးဆုံးရှုံး၍ အထွက်နှုန်း လျော့ပါးသည်။ ထိုကဲ့သို့ ဖြစ်လျှင် တောင်သူများ တစ်နှစ်စာ ဝမ်းစာ ဖူလုံမှု မရရှိတော့ပါ။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | အချို့နှစ်များတွင် မိုးနောက်ကျတတ်သော ကြောင့် စပါးစိုက်ချိန် နောက်ကျတတ်ပါ သည်။ |
| ၅ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | မိုးတွင်းတွင် ချောင်းရေတိုက်စားသဖြင့် ကမ်းပါးပြိုခြင်းကြောင့် လယ်မြေများဆုံးရှုံး ရသည်။ |
| ၆ | သစ်တောပြုန်းတီးခြင်း | လတ် | သစ်ထုတ်လုပ်ခြင်းကို စနစ်တကျ ထိန်းချုပ်မှု မရှိသည့်အတွက် သစ်ပင်ကြီးများနှင့် သဘာဝပေါက်ပင်များ ရှားပါးခြင်း။ |
| ၇ | ငှက်ဖျားရောဂါ | လတ် | ငှက်ဖျားဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်သူများကြောင့်လည်း ငှက်ဖျားရောဂါ တိုက်ဖျက်ရန် ခက်ခဲနေ။ |
| ၈ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | ကျန်းမာရေးအသိနည်းပါးခြင်း၊ မူးယစ်ဆေးဝါး ထူပြောသောအရပ်သို့ သွားရောက်အလုပ် လုပ်ကိုင်ခြင်းတို့ကြောင့် ကူးစက်ရောဂါများဖြစ်ပွားနိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

## ၁.၅.၃ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

ဇယား (၉) ထိခိုက်သက်ရောက်လွယ်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | ရွာအတွင်း၊ ရွာအနီးတဝိုက်တွင် မူးယစ်ဆေးဝါးကို အလွယ်တကူ ရောင်းချနေခြင်းနှင့် လူငယ် အများစုမှာ မူးယစ်ဆေးဝါးကို သုံးစွဲနေခြင်း။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် | ဘဝလုံခြုံမှုမရှိခြင်း၊ဂမ်းစာဖူလုံမှုမရှိခြင်း လုပ်ကိုင်စားသောက်ရန်အခွင့်အလမ်းမရှိ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | လတ် | စပါးကိုတဝက်လျှော့စျေးဖြင့် ကြိုတင်ရောင်း၍အရင်းအနှီးပြုရခြင်းကြောင့် ဝမ်းစာမလုံလောက်ဖြစ်ရ။ |
| ၄ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | လုပ်ငန်းရှားပါးသည့်အချိန် မကျန်းမာသည့်အချိန်တို့တွင် ဂင်ငွေမရသဖြင့် ဂမ်းစာဖူလုံမှုထိခိုက်နိုင်။ |
| ၅ | ရွှေတွင်းလုပ်သား | လတ် | နည်းစနစ်များနှင့် စက်ကိရိယာများမရှိသည့် အတွက်ရွှေကျင်ခြင်းဖြင့် ဝမ်းစာမလုံလောက်ပါ။ |
| ၆ | ဆေးစွဲသူများ | မြင့် | ဆေးစွဲနေသူများနှင့် ၎င်းတို့၏ မိသားစုများသည် ကျန်းမာရေး ဗဟုသုတမရှိပါက ကူးစက်ရောဂါ ခံစားရနိုင်ဖွယ်ရှိသည်။ |
| ၇ | ရွှေမှော်၊ကျောက်မှော်သို့သွားရောက်လုပ်ကိုင်၍ဝင်ငွေရှာသူများ | လတ် | ငှက်ဖျားရောဂါ၊ကူးစက်ရောဂါ၊မူးယစ်ဆေးဝါး၊ အသက်အန္တရာယ်စိုးရိမ်းရခြင်း |
| ၈ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | လတ် | ဆိုင်ကယ်ဖြင့် လှည့်လည်ရောင်းရသည့်အတွက် မိုးသည်းထန်စွာ ရွာသည့် အချိန်တွင် စျေးမထွက်နိုင်သဖြင့် ဝင်ငွေမရပါ။ |
| ၉ | ကားသမား | နိမ့် | မြစ်ကြီးနား- ရန်ကုန်သို့သွားသော အဝေးပြေးကားမောင်းသူ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

## ၂. လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### ၂.၁.၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅) | စွမ်းဆောင်နိုင်မှု(၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ကျောင်းဆောက်လုပ်ရေးကော်မတီ | ၂ | ၄ | – | ၄ | စာသင်ကျောင်းဝေယျာဝစ္စများဆောင်ရွက်ခြင်း။ | ကျေးရွာ | သင့် |
| ၂ | ဘုန်ကြီးကျောင်းဆောက်လုပ်ရေးကော်မတီ | ၃ | ၇ | – | ၇ | ရံပုံငွေရှာခြင်း၊ဆောက်လုပ်ပြီးစီးနိုင်အောင်ဆောင်ရွက်ခြင်း | ကျေးရွာ | သင့် |
| ၃ | အစုအဖွဲ့ပိုင်သစ်တောဖြစ်မြောက်ရေးကော်မီတီ | ၁ | ၄ | ၁ | ၅ | သစ်ပင်စိုက်ပျိုးခြင်းနှင့် သဘာဝပေါက်ပင်များကို ပြုစုထိန်းသိမ်းရေးလုပ်ခြင်း | ပြင်ပ | သင့် |
| ၄ | မိခင်နှင့်ကလေးစောင့်ရှောက်ရေး | ၂ | – | ၂ | ၂ | မိခင်နှင့်ကလေးကာကွယ်စောင့်ရှောက်ခြင်း | ပြင်ပ | ညံ့ |
| ၅ | အမျိုးသမီးရေးရာ | ၂ | – | ၂ | ၂ | အမျိုးသမီးများအားကာကွယ်စောက်ရှောက်ခြင်း | ပြင်ပ | ညံ့ |
| ၆ | ဂေါပက | ၃ | ၁၀ | – | ၁၀ | ဘာသာရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်း | ကျေးရွာ | ကောင်း |
| ၇ | ပေါ်ခိန်(အမျိုးသား) အဖွဲ့ | ၃ | ၁၀ | – | ၁၀ | သာရေးနာရေးတွင်ပါဝင်ဆောင်ရွက်ခြင်း | ကျေးရွာ | သင့် |
| ၈ | မယ်ခိန်(အမျိုးသမီး) အဖွဲ့ | ၃ | – | ၃ | ၃ | သာရေးနာရေးတွင်ပါဝင်ဆောင်ရွက်ခြင်း | ကျေးရွာ | သင့် |
| ၉ | အပျိုလူပျိုအဖွဲ့ | ၃ | ၂ | ၁ | ၃ | သာရေးနာရေးတွင်ပါဝင်ဆောင်ရွက်ခြင်း | ကျေးရွာ | သင့် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

## ၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | အပြည်ပြည်ဆိုင်ရာသစ်ပင်နှင့်တောရိုင်းတိရိစ္ဆာန်များကာကွယ်ထိန်းသိမ်းရေး (Fauna and Flora International) | ၂ | အစုအဖွဲ့ပိုင်သစ်တောပြုလုပ်ရာတွင်နည်းပညာနှင့် ငွေကြေးပံ့ပိုးခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## ၂.၃ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

### ၂.၃.၁ စိုက်ပျိုးရေးသီးနှံ

#### ၂.၃.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၀ | ၆၉ | မြေမဲ့ယာမဲ့နှင့် လယ်ငှား လုပ်ကိုင်ကြသူများ |
| ၂ | ၂.၅ဧကအောက် (၁ဟတ်တာထိ) | ၆ | ၆ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာ ထိ) | ၁၉ | ၁၈ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာ ထိ) | ၆ | ၆ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၁ | ၁ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၁၀၂** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများကိုယ်တိုင် တစ်အိမ်တက်ဆင်း စစ်တမ်းကောက်ယူ၍ ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊ စက်တင်ဘာလ၊၂၀၁၅နှစ်)

### ၂.၃.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) အစိုးရနှင့် ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့် ဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် (နန့်ပင့်ချောင်း) | အစိုးရ | ၆၄ | တစ်နှစ်ပါတ်လုံးရ |
| ၂ | စိမ့်စမ်းရေ | | ၃ | ၉လခန့် စိုက်ပျိုးရေရရှိသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

### ၂.၃.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု အနည်းဆုံး | သီးနှံထွက်မှု အများဆုံး | သီးနှံထွက်မှု ပျှမ်းမျှ | သီးနှံ စိုက်ပျိုးသည့်ကာလ | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| စပါး | ၁၄၀.၆ | တင်း | ၇၀ | ၁၀၀ | ၈၀ | ၄လ | လတ် | လတ် | |
| မြေပဲ | ၃၀ | တင်း | ၂၀ | ၅၀ | ၃၀ | ၃လ | နိမ့် | လတ် | မြေဧက (၃၀) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

### ၂.၃.၁.၄ လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား (၁၅) လယ်ယာသုံးစက်ကိရိယာများ

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| လက်တွန်းထွန်စက် | ၁၉ | ပုဂ္ဂလိက | ထွန်၊ထယ်လျှင် ၁ဧကကို စပါး ၇ တင်း |

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ခြွေလှေ့စက် | ၂ | ပုဂ္ဂလိက | စပါးတင်း ၁၀၀ လျှင် ၃ တင်းစက်ခပေးရသည်။ စက်ဆီထည့်ရသည်၊ မောင်းသူကိုလယ်ရှင်ကန ေစားခပေးရသည်။ |
| မြက်ရိတ်စက် | ၈ | ပုဂ္ဂလိက | မိမိအိမ်တွင်သာသုံးသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

### ၂.၃.၁.၅ သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှုကို တိုးတက်စေသောအခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ သြဇာ) | ရှိ | စိုက်ပျိုးမြေကောင်းသည်။ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သောမြေမျိုးဖြစ်ပါသည်။ |
| ရေအရင်းအမြစ် | ရှိ | နမ့်ပင့်ချောင်းဆည်သည် နှစ်သီးစားစိုက်ရန်အတွက် အဓိကရေအရင်းမြစ်ကောင်းဖြစ်ပါသည်။ |
| သဘာဝမြေဆွေး၊ သြဂဲနစ် | ရှိ | ပဲပုတ်ရိုး၊ ကောက်ရိုးဆွေးများ၊ နွားချေးများရှိခြင်းကြောင့်စိုက်ပျိုးမြေအတွက် မြေသြဇာရရှိနိုင်သည်။ |
| သြဂဲနစ်ပိုးသတ်ဆေး | မရှိ | |
| ချေးငွေရရှိမှု | ရှိ | မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဗ္ဗာနတို့မှ ချေးငွေရရှိသည်။ |
| သွင်းအားစုဈေးကွက် | ရှိ | မော်ဟန်ကျေးရွာတွင် လိုအပ်သော သွင်းအားစုများဝယ်ယူနိုင်သည်။ မိုးညှင်းမြို့တွင်လည်းဝယ်ယူနိုင်သည်။ |
| ဝန်ဆောင်မှုဈေးကွက် | ရှိ | ကျေးရွာတွင် လာရောက်ဝယ်ယူသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | သီးနှံတိုးတက်ထုတ်လုပ်ရန်နှင့်ရွှေဘိုမြို့ရှိကုန်စည်ဒိုင်များနှင့်ချိတ်ဆက်၍ ဈေးကွက်သို့တင်ပို့နိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

### ၂.၃.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | မြေယာတိုးချဲ့လုပ်ကိုင်ရန် အခွင့်အလမ်းမရှိပါ။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေ မလုံလောက်ခြင်းနှင့် ချေးငွေကာလ တိုတောင်းခြင်း။ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | တောင်သူများသွင်းအားစုများကို အချိန်မီ လုံလုံလောက်လောက်မသုံးစွဲနိုင်ခြင်း။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရန် နည်းပညာနှင့် ဗဟုသုတများအတွက် ကျွမ်းကျင်မှုမရှိခြင်း။ |
| ဆည်မြောင်းရေရရှိမှု | ရှိ | ဆည်မြောင်းရေသည် လယ်မြေအားလုံး အတွက်ရေအလုံအလောက်မရရှိပါ။ ရေမရသောနေရာတွင် ဆည်မြောင်းတိုးချဲ့ လုပ်နိုင်သည်။ |
| မိုးရေမလုံလောက်မှု | ရှိ | ချောင်းမှ ရေကို စက်နှင့်တင်ပြီး စိုက်ရသဖြင့် ကုန်ကျစရိတ်များပါသည်။ |
| အဖျက်ပိုးနှင့်ရောဂါ | ရှိ | ဆစ်ပိုး၊ကြွက်၊စာကလေးများဖျက်ဆီးမှုကြုံနေရသည်။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | လုံလောက်၍ထိရောက်သောနည်းပညာဝန်ဆောင်မှုများကိုလက်လှမ်းမီရန် မလွယ်ကူခြင်း။ |
| ဈေးကွက်လက်လှမ်းမှီမှု | ရှိ | ပွဲစားများလက်ဝါးကြီးအုပ်မှုခံရ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

### ၂.၃.၂ မွေးမြူရေးနှင့်ငါးလုပ်ငန်း

### ၂.၃.၂.၁ မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂၉ | ၁၅၄ကောင်(တစ်နိုင်တစ်ပိုင်မွေးကြသည်။ လယ်ယာလုပ်ငန်းတွင်အသုံးပြုကြသည်။) |

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| ကျွဲ | ၃၄ | ၁၇၄ကောင်(တစ်နိုင်တစ်ပိုင်မွေးကြသည်။) လယ်ယာလုပ်ငန်းတွင်အသုံးပြုကြသည်။ |
| ဝက် | ၃၅ | ၆၈ကောင်(တစ်နိုင်တစ်ပိုင်မွေးသည်။) |
| ကြက် | ၆၆ | ၄၇၀ကောင်(တစ်နိုင်တစ်ပိုင်မွေးမြူကြသည်။) |
| ဘဲ | ၂ | ၁၈ကောင် |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |
| ဂဏာန်းမွေးမြူရေး လုပ်ငန်း | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

### ၂.၃.၂.၂ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | ပလပ်မြေဧက(၃၀)ခန့်ရှိသဖြင့် စားကျက်မြေနှင့် စီးပွားဖြစ်။ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ပါသည်။ |
| ရေရရှိမှု | ဆည်ရေရရှိခြင်း၊ တောင်ကျချောင်းရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရေလုံလောက်စွာရရှိနိုင်ပါသည်။ |
| တိရိစ္ဆာန်မျိုး | မိုးညှင်းမြို့ရှိ မွေးကုဦးစီးဌာနနှင့်ချိတ်ဆက်၍ တိရိစ္ဆာန်မျိုးများ မှာယူနိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | တိရိစ္ဆာန်အစာကို ဟိုပင်၊မော်ဟန်တွင် ဆန်စက်(၁၀)လုံးနှင့် နန့်စီးအောင် ကျေးရွာတွင် ဆန်စက်(၂)လုံးများရှိသဖြင့် တိရိစ္ဆာန်အစာရရှိနိုင်ပြီး မိုးညှင်းမြို့တွင် ဆေးဝါးများရရှိနိုင်ပါသည်။ ကျေးရွာအတွင်း ဝက်စာကျွေးနိုင်သည့် ငှက်ပျောပင်၊ပိန်းရွက်စသည် အပင်များပေါပေါများများရနိုင်သည်။ |
| ဝန်ဆောင်မှုဈေးကွက် | မိုးညှင်းမြို့ရှိတိမွေးကုဌာနမှ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ တိရိစ္ဆာန်မျိုးများဝယ်ယူနိုင်ရန် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းများရှိပါသည်။ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ထုတ်ကုန်ရောင်းဝယ်မှု | ရွာအထိလာရောက်ဝယ်ယူပါသည်။ |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အိမ်ခြံဝင်းတွင်ဒသမ(၀.၁၅)ခန့်မြေနေရာရှိသဖြင့်တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၇-၉ရက်၊စက်တင်ဘာလ၊၂၀၁၅နှစ်)

## ၂.၃.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့်စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမီမှု | မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ငွေထုတ်ချေးပေးသော အဖွဲ့ မရှိခြင်းကြောင့် စီးပွားဖြစ်မွေးမြူရန် အရင်းအနှီးအခက်အခဲနှင့် ကြုံရပါသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကြက်ဖမ်းကျရောဂါ၊ ဝက်နားရွက်ပြာရောဂါဖြစ်လျှင် မျိုးပြုန်းလု နီးပါးအထိ ဖြစ်နိုင်ပါသည်။ |
| သွင်းအားစုဈေးကွက် | တိရိစ္ဆာန်အစာ၊ ဆေးဝါးများဈေးကြီးခြင်း၊ သယ်ယူပို့ဆောင်ရေး စရိတ်မြင့်မားခြင်းကြောင့် မွေးမြူရန်အခက်အခဲကြုံရပါသည်။ |
| ဝန်ဆောင်မှုဈေးကွက် | တိရိစ္ဆာန်ရောဂါကျရောက်ပါက ကုသခြင်း၊ ကာကွယ်ခြင်း နည်းလမ်းများကို မွေးကုဦးစီးဌာနမှ အချိန်မီမလာရောက်နိုင် သဖြင့် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြရသဖြင့် စီးပွားဖြစ် မွေးမြူရန် အခက်အခဲရှိပါသည်။ |
